# တရုတ် ပြည်သူ့ သမ္မတ နိုင်ငံ အစိုးရ
# နှင့်
# ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ
# အ ကြား

## နယ်စပ် ကုန်သွယ်ရေး နှင့် စပ်လျဉ်းသည့် နားလည်မှု မှတ်တမ်း

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ( နောက်တွင်လက်မှတ်ရေးထိုးသူများဟု ရည်ညွှန်းသည် ) တို့သည် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံမှု တိုးမြှင့်ရန် လိုလားကြသည့်အလျောက် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခြင်းမှ တစ်ဆင့် ညီမျှမှု နှင့် နှစ်ဘက် အကျိုးကျေးဇူးရှိမှုတို့ အပေါ်အခြေခံ၍ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးစေရန် သဘောတူညီပြီး ဖြစ်သဖြင့် အောက်ပါ နားလည်မှုကို ရရှိကြသည် -

၁ ။ ဤမှတ်တမ်း၌ ရည်ညွှန်းသည့် နယ်စပ်ကုန်သွယ်ရေးတွင် ကုန်းလမ်းကုန်သွယ်ရေးနှင့် တရုတ်နိုင်ငံ ယူနန် ပြည်နယ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသများအကြား နယ်စပ်တစ်လျှောက် နေထိုင်သူများ၏ ကုန်ပစ္စည်းများ လဲလှယ်ခြင်းတို့ ပါဝင်သည် ။

၂ ။ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် နှစ်ဘက်သဘောတူထားသည့် ကုန်ပစ္စည်းများ ကုန်သွယ်ခြင်းနှင့် လဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံ၏ တည်ဆဲဥပဒေများ ၊ စည်းမျဉ်း ဥပဒေများ ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ။

၃ ။ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို နှစ်ဘက်သဘောတူထားသည့် နယ်စပ် ကုန်သွယ်ရေး ဈေးများ၌ ဆောင်ရွက်ရမည် ။

၄ ။ နယ်စပ်ကုန်သွယ်ရေးတွင် အကျုံးဝင်သူများ လာရောက်ရေးအတွက်လည်းကောင်း ၊ ကုန်ပစ္စည်းများလဲလှယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ အတွက်လည်းကောင်း လွယ်ကူစေရန် အလို့ငှါ လက်မှတ်ရေးထိုးသူနှစ်ဦးတို့၏ သက်ဆိုင်ရာ ဌာနများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက အဆိုပါ ပုဂ္ဂိုလ်များ ၊ ကုန်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးတို့၏ အဝင်နှင့်အထွက်တို့အတွက် နယ်စပ်ဖြတ်ကျော်ခွင့် လက်မှတ်ကို သတ်မှတ်ရမည် ။ လက်မှတ်ရေးထိုးသူတစ်ဦးဦး၏ နယ်နိမိတ်ကို ဖြတ်ကျော်ဝင်ရောက်သောအခါ ပုဂ္ဂိုလ်များ ၊ ကုန်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ခြင်းတို့သည် အဝင်နှင့်အထွက်တို့အတွက် တရားဝင် အထောက်အထား စာရွက်စာတမ်းများ ယူဆောင်လာရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးသူတစ်ဦးဦး၏ သက်ဆိုင်ရာ အာဏာပိုင်များထံမှ ကြီးကြပ်ကွပ်ကဲခြင်းကိုလည်း ခံယူရမည် ။

၅ ။ နယ်စပ်ကုန်သွယ်မှု အတွက် ငွေပေးချေခြင်းကို လက်မှတ်ရေးထိုးသူ နှစ်ဦးတို့ လက်ခံနိုင်သည့် လွှယ်ကူစွာ လဲလှယ်နွှင့်ရှိသော ငွေကြေးဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းချင်းလဲလှယ်သည့်နည်းလမ်းဖြင့်ဖြစ်စေဆောင်ရွက်နိုင်သည် ။ နယ်စပ်ကုန်သွယ်မှုအတွက် သီးခြားငွေပေးချေခြင်းနည်းလမ်းကို ဝယ်ယူသူနှင့်ရောင်းချသူတို့က အဆုံးအဖြတ်ပြုမည်။ အကယ်၍ လိုအပ်ပါက နယ်စပ်ကုန်သွယ်မှုအတွက်ဘဏ်အစီအစဉ်ကို နှစ်ဘက်သတ်မှတ်သည့် ဘဏ်အချင်းချင်း ညှိနှိုင်း၍ လက်မှတ်ရေးထိုးကြမည်ဖြစ်သည် ။

၆ ။ ဤမှတ်တမ်း အကောင်အထည် ဖေါ်ရေးကို နိုင်မြဲစေရန် လက်မှတ် ရေးထိုးသူတို့၏ သက်ဆိုင်ရာ ဌာနများနှင့် ဒေသဆိုင်ရာ အာဏာပိုင်တို့သည် ကြားခံအချိန်ကာလ သတ်မှတ်ခြင်း မရှိဘဲ ပေါင်းစပ်ညှိနှိုင်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ရမည့်အပြင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများမှ အငြင်းပွားမှုများ ( ရှိပါက ) ယင်းအငြင်းပွားမှုများကိုလည်း ဖြေရှင်းရမည် ။ ညှိနှိုင်းဆွေးနွေးမှုများကို တရုတ်နိုင်ငံ နှင့် မြန်မာနိုင်ငံတွင် တလှည့်စီ အလှည့်ကျ ပြုလုပ်ကြရမည် ။

၇ ။ ဤနားလည်မှုမှတ်တမ်းကို အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းမှ ပေါ်ပေါက်လာသည့် မည်သည့် အငြင်းပွားမှုကိုမဆို လက်မှတ်ရေးထိုးသူများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းစေ့စပ်ခြင်းဖြင့် ဖြေရှင်းရမည်။

ဤမှတ်တမ်းသည် လက်မှတ်ရေးထိုးသည့် နေ့မှစ၍ အတည်ဖြစ်ရမည့်အပြင် နှစ်နှစ် ကာလ အထိ အတည်ဖြစ်လျက် ရှိနေစေရမည် ။ လက်မှတ်ရေးထိုးသူ တစ်ဦးဦးက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဤမှတ်တမ်းကို ရပ်စဲလိုကြောင်း စာဖြင့်ရေးသားသည့် အကြောင်းကြားစာကို ပေးပို့ခြင်း မရှိလျှင် ဤမှတ်တမ်းသည် တစ်နှစ်အထိ နောက်ထပ်ကာလများ အတွက် အလိုအလျောက် အတည်ဖြစ်နေစေရမည် ။

ဤနားလည်မှု မှတ်တမ်းကို တရုတ်ဘာသာ ၊ မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ သုံးဘာသာဖြင့် မူရင်းသုံးစောင် ပြုလုပ်၍ ရန်ကုန်မြို့တွင် ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့၌ လက်မှတ်ရေးထိုး ကြပါသည်။ ယင်းစာမူ သုံးစုလုံးသည် တရားဝင်၍ တူညီသော မူမှန်များ ဖြစ်ကြသည် ။ သို့ရာတွင် အကယ်၍ အနက်အဓိပ္ပါယ် ဖွင့်ဆိုရာတွင် ကွဲလွဲမှုရှိလျှင် အင်္ဂလိပ်ဘာသာဖြင့် စာမူသည် လွှမ်းမိုး၍ အတည်ဖြစ်ရမည် ။

| | |
|---|---|
| တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ<br>အစိုးရ အတွက် | ပြည်ထောင်စု မြန်မာနိုင်ငံတော်<br>အစိုးရ အတွက် |
| 李国华 | |